# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်
အစာငတ်ခံဆန္ဒပြတိုက်ပွဲ

published by the Communication and Media Operators Committee

စက်တင်ဘာ ၁၂ ရက် ၂၀၀၄


## ၁၂ ရက်မြောက်နေ့

"မြန်မာ့ဒီမိုကရေစီအရေးအတွက် လွတ်မြောက်ရေးခရီးရှည် ချီတက်ပွဲနှင့်၄င်းအစာငတ်ခံ ဆန္ဒပြတိုက်ပွဲ" ၏ ပထမပိုင်း အစီအစဉ်ဖြစ်သည့် ခရီးရှည်ချီတက်ပွဲ သည် ခရီးစဉ် ၁၁-ရက်မြောက် နေ့တွင် ခရီးမိုင်ပေါင်း ၁၃၀ အထိ အောင်မြင်စွာ အရောက် လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ယနေ့ခရီးစဉ်ကို နံနက် ၈ နာရီ ခွဲ တွင် ယမန်နေ့ကရပ်နားခဲ့သည် နယူးယောက်ပြည်နယ် New Burgh မြို့မှ စတင်ခဲ့ကြသည်။

ပုံမှန်ချီတက်သူရဲဘော်သုံးဦးနှင့်အတူ အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ်(လွတ် မြောက်နယ်မြေ) ၏ ဥက္ကဋ္ဌ ဖြစ်သူ ဦးဝင်းခက်၊ အစာငတ်ခံ ဆန္ဒပြတိုက်ပွဲတွင် ပါဝင်မည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် ဖြစ်သူ ဒေါ်ခင်စန်းနွယ် နှင့် ဦးတင်ငွေ၊ယုတိကာမှ ကိုစည်သူကျော်ဝင်း၊ ကိုဝေဟိန်း၊ နယူးယောက်မြို့ ဒီမိုကရေစီအင်အားစုများမှ ကိုမိုးချမ်း၊ မဖွမ်၊ မမြမြစိုး၊ ကိုအောင်လွင်၊ ကိုအောင်၊ ကိုဂျက်၊ မငြိမ်း၊ ကိုဝင်းရှိန်၊ ကိုမိုးဟိန်း တို့လည်းအတူတကွပါဝင်ခဲ့ကြသည်။

ချီတက်သူများသည် နေ့လည် ၁၀နာရီမိနစ်၂၀တွင် "A Celebration of Peace and Hope" ခေါ် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးအတွက် ဆုတောင်းခြင်း အခမ်းအနားသို့တက်ရောက်ရန် ခရီးစဉ်ကို ခေတ္တရပ်နားခဲ့ကြသည်။

အဆိုပါအခမ်းအနားကို နယူးယောက်ပြည်နယ် Cragsmoor မြို့ရှိ The Stone Church ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ နိုင်ငံတကာမှ ငြိမ်းချမ်းရေးလိုလားသူ ပုဂ္ဂိုလ်နှစ်ရာ ခန့်တက်ရောက်ခဲ့သည်ဟုသိရသည်။

အခမ်းအနားအစီအစဉ်တစ်ရပ်အဖြစ် ဘုရားရှိခိုး ကျောင်းအပြင်ဘက်တွင် စိုက်ထူထားသော နိုင်ငံတကာငြိမ်းချမ်းရေးကျောက်တိုင်တွင် နိုင်ငံတကာအလံများကို ကိုင်ဆောင်ကာ ငြိမ်းချမ်းရေး အတွက် ဆုမွန်တောင်းခြင်းများပြုလုပ်ခဲ့ရာ မြန်မာပြည်အတွက်ကို ပါထည့်သွင်းဆုဆောင်းခြင်းများပြုလုပ်ခဲ့သည်။

---


For more information please contact:

Communication and Media Operators Committee

Aung Kyaw Myint - 607-339-7054 freelight0@aol.com Yan Myo Aung - 585-576-8521 yanmyoag@yahoo.com
Min Sun Min - 718-434-5292 kominmin@yahoo.com Nang San Nun - 917-519-3771 shanpyithu@yahoo.com
Sandi - 917-445-9222 freeassk@yahoo.com Nyan Win Lett - 646-321-5311 nyanwlett@yahoo.com